# Sixteenth Sunday in Ordinary Ti

## 1st READING: *Genesis 18:1-10*

ကမ္ဘာဦးကျမ်း ၁၈း၁–၁၀

ထာဝရဘုရားသည်မံရေသပိတ်တောနားမှာ၊ အာဗြဟံအားထင်ရှားတော်မူသည်အကြောင်းအရာဟူမူကား၊ နေပူသောအချိန်တွင်၊ အာဗြဟံသည်တဲတံခါးဝ၌ထိုင်လျက်၊ မြော်ကြည့်၍၊ မိမိရှေ့မှာလူသုံးယောက်ရပ်နေကြသည်ကိုမြင်သောအခါ၊ ခရီးဦးကြိုပြုခြင်းငှါတဲတံခါးဝမှပြေး၍မြေသို့ဦးညွှတ်ချလျက်၊ အကျွန်ုပ်သခင်၊ ရှေတော်၌အကျွန်ုပ်သည်မျက်နှာရလျှင်၊ ကိုယ်တော်ကျွန်မှလွှန်၍မသွားပါနှင့်။ရေအနည်းငယ်ကိုယူခဲ့ပါရစေ။ ခြေကိုဆေးပြီးလျှင်သစ်ပင်အောက်၌လျောင်းနေကြပါလော့။ မုန့်အနည်းငယ်ကိုလည်းယူခဲ့ပါမည်။ အမောအပန်းပြေသောအခါသွားကြပါလော့။ ထိုသို့သောကျေးဇူးတော်ကိုခံစေခြင်းငှါ၊ ကိုယ်တော်ကျွန်ရှိရာသို့ရောက်ပါပြီဟုဆို၏။ ထိုသူတို့ကလည်း၊ ပြောသည်အတိုင်းပြုပါလော့ဟုဆိုကြ၏။အာဗြဟံသည်လည်း၊ တဲအတွင်း၌ရှိသောစာရာဆီသို့အလျင်အမြန်ဝင်ပြီးလျှင်၊ ဂျုံမုန့်ညက်သုံးစလယ်ကိုအသော့ပြင်၍နယ်ပါ။ ပေါင်မုန့်ကိုလုပ်ပါဟုဆိုလေ၏။ တဖန်နွားစုသို့ပြေး၍နုထွားကောင်းမွန်သောနွားသငယ်ကိုယူခဲ့၍၊ လုလင်၌အပ်သဖြင့်မြန်မြန်ပြင်ဆင်စေ၏။ ထိုနောက်၊ နို့နှင့်နို့ခမ်းကိုရင်း၊ ပြင်ဆင်သောနွားသငယ်ကိုရင်းယူ၍၊ ထိုသူတို့ရှေ့၌ထည့်ပြီးလျှင်၊ သစ်ပင်အောက်၊ သူတို့အနားမှာရပ်နေ၍၊ သူတို့သည်စားကြ၏။ ပြီးသောအခါ၊ သင်၏မယားစာရာသည်အဘယ်မှာရှိသနည်းဟုမေးကြလျှင်၊ တဲအတွင်း၌ရှိပါသည်ဟုပြန်ပြော၏။ ထိုသူတို့တွင်တပါးကလည်း၊ ဘွားချိန်စေ့သောအခါ၊ ငါသည်သင်တို့ဆီသို့ဆက်ဆက်ပြန်လာဦးမည်။ ထိုအခါ သင်၏မယားစာရာသည်သားကိုရလိမ့်မည်ဟုပြောဆို၏။ ထိုသို့ဆိုသောသူ၏နောက်၌တံခါးဝအနားမှာ၊ စာရာရှိသောကြောင့်ထိုစကားကို ကြား၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 15:2-3, 3-4, 5

## ဆာလံကျမ်း ၁၅

**သံပြိုင်။** ။ အပြစ်တင်ခွင့်ကင်းစွာလျှောက်လှမ်းသောသူ၊ဖြောင့်မှန်ရာကိုပြုကျင့်သောသူသည်ကိုယ်တော်၏သန့်ရှင်းရာဌာနတွင်တည်းခိုမည်။

***He who does justice will live in the presence of the Lord.***

**၁။** ။ အပြစ်တင်ခွင့်ကင်းစွာလျှောက်လှမ်းသောသူ၊ဖြောင့်မှန်ရာကိုပြုကျင့်သောသူနှလုံးသားမှအမှန်တရားကိုပြောဆိုသောသူ၊ မိမိ၏နှုတ်ဖြင့်သူတစ်ပါး၏အသရေကိုမဖျက်တတ်သူ၊ မိမိ၏မိတ်ဆွေများအားမပြစ်မှားသူ **(သံပြိုင်)**

*One who walks blamelessly and does justice; who thinks the truth in his heart and slanders not with his tongue.*

**၂။** ။ မိမိ၏အိမ်နီးချင်းအားကဲ့ရဲ့ရှုတ်ချခြင်းကိုမပြုသောသူ၊ဆိုးယုတ်သောသူကို မိမိမျက်စေ့ထဲတွင်ယုတ်မာသူဟုမြင်သောသူ၊သို့သော်ဘုရားသခင်ကိုချစ်ကြောက်ရိုသေသောသူတို့ကိုမူဂုဏ်ပြုချီးမြှောက်သောသူမိမိအကျိုးကိုထိခိုက်နစ်နာစေကာမူကတိတည်ကြည်သော သူ၊ **(သံပြိုင်)**

*Who harms not his fellow man, nor takes up a reproach against his neighbor; by whom the reprobate is despised, while he honors those who fear the LORD.*

**၃။** ။ အတိုးမယူဘဲမိမိငွေကိုချေးငှါးသောသူ၊ အပြစ်မဲ့သူကိုဆန့်ကျင်ဘက်ပြု၍သက်သေခံရန်တံစိုးလက်ဆောင်ကိုလက်မခံသောသူသည်နေထိုင်ရလိမ့်မည်။ ဤအရာများကိုပြုကျင့်သောသူသည်မည်သည့်အခါမျှတုန်လှုပ်ခြောက်ချားရလိမ့်မဟုတ်ပေ။ **(သံပြိုင်)**

*Who lends not his money at usury and accepts no bribe against the innocent. One who does these things shall never be disturbed.*

## 2nd READING: *Colossians 1:24-28*
ကော်လောဆေမြို့သားတို့ထံရေးသောစာ **၁း၂၄–၂၈**

ညီအစ်ကိုတို့၊ယခုတွင်ငါသည်သင်တို့အတွက်ဒုက္ခဆင်းရဲခံထမ်းရခြင်းကြောင့်ဝမ်းမြောက်ပါ၏။အကြောင်းမူကား၊ခရစ်တော်သည်မိမိကိုယ်ခန္ဓာတည်းဟူသောအသင်းတော်အတွက်ခံထမ်းရန်ကျန်ရှိနေသည်ဆင်းရဲဒုက္ခများကိုငါကူညီဖြည့်စွက်ပေးရ၏။ဘုရားသခင်သည်သင်တို့၏အကျိုးကိုထောက်၍ငါ့အားအသင်းတော်၏အမှုတော်ဆောင်အဖြစ်ခန့်ထားတော်မူ၏။ငါသည်နှုတ်ကပတ်တရားတော်ကိုအကုန်အစင်ဟောပြောရမည်ဖြစ်၏။ကိုယ်တော်သည်ထိုနက်နဲရာကိုကမ္ဘာပေါ်ရှိလူသားအပေါင်းအားလွန်ခဲ့သောအချိန်များကသိခွင့်မပေးခဲ့သော်လည်းယခုအခါမိမိ၏လူစုတော်အားဖော်ပြတော်မူလေပြီ။ဘုရားသခင်၏အကြံအစည်တော်မှာတစ်ပါးအမျိုးသားတို့တွင်ထိုနက်နဲသောအရာနှင့်ဆိုင်သောဘုန်းစည်းစိမ်သည်မည်မျှလောက်ကြီးမားကြောင်းကိုမိမိလူမျိုးတော်အားသိရှိစေရန်ဖြစ်၏။ထိုစည်းစိမ်ကားဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော၊သင်တို့အထဲ၌တည်ရှိသောခရစ်တော်ပင်ဖြစ်၏။ခရစ်တော်အားဖြင့်လူတိုင်းသည်စုံလင်ခြင်းသို့ရောက်ကြပြီးဘုရားသခင်၏ရှေ့တော်မှောက်သို့ရောက်အောင်ပို့ဆောင်နိုင်ခြင်းငှါငါတို့ဉာဏ်ပညာရှိသမျှနှင့်လူတိုင်းကိုဆုံးမသွန်သင်ကြလျက်ခရစ်တော်တရားတော်ကိုဟောပြောလျက်ရှိကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 10:38-42*

ရှင်လုကာဧဝံဂေလိကျမ်း ၁၀း၃၈–၄၂

ကိုယ်တော်နှင့်တပည့်တော်တို့သည်ခရီးဆက်ကြစဉ်ရွာတစ်ရွာသို့ဝင်ကြသဖြင့်မာသားအမည်ရှိသောအမျိုးသမီးတစ်ဦးသည်ကိုယ့်တော်ကိုမိမိအိမ်၌လက်ခံကြိုဆိုလေ၏ ။သူမတွင်မာရိယအမည်ရှိသောညီမတစ်ဦးရှိ၏ ။ဤညီမသည်သခင်ဘုရားခြေတော်ရင်း၌ထိုင်လျက်ကိုယ်တော်၏သွန်သင်ချက်များကိုနားထောင်နေလေ၏ ။မာသားမူကား၊ဧည့်ခံခြင်းအမှု၌အလုပ်များလျက်ရှိသဖြင့်ကိုယ်တော့်ထံတော်သို့ချဉ်းကပ်လျက်သခင်ဘုရားတပည့်တော်မ၏ညီမဖြစ်သူသည်ဧည့်ခံမှုတာဝန်ဆောင်ရွက်ရန်တပည့်တော်မတစ်ဦးတည်းအားပစ်ထားသည်ကိုသတိမမူပါသလော။တပည့်တော်မကိုကူညီစေရန်သူမအားအမိန့်ရှိတော်မူပါဟုလျှောက်လေ၏ ။သို့သော်သခင်ဘုရားကမာသား၊မာသားသင်သည်များစွာသောအမှုကိစ္စတို့အတွက်စိုးရိမ်ပူပန်ခြင်းရှိ၏ ။လိုအပ်သောအရာသည်ကားတစ်ခုတည်းသာရှိ၏ ။မာရိယသည်ကောင်းမြတ်သောအရာကိုရွေးချယ်လေပြီ။ထိုအရာကိုသူမထံမှဖယ်ရှား၍ရလိမ့်မည်မဟုတ်ဟုပြန်ပြောတော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။